ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(၁၂)ရက်မြောက်နေ့ အစည်းအဝေးမှတ်တမ်းအနှစ်ချုပ်

**၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်**

**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)**

**(တနင်္လာနေ့)**

၁။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၅၂၀ ဦး တက်ရောက်သည်။

၂။ လွှတ်တော်အစည်းအဝေးတွင် အောက်ပါတို့ကို ဆောင်ရွက်ခဲ့သည်-

(က) နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

( ခ ) လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

( ဂ ) ဦးစိုင်းသန်းနိုင် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅) အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ဆက်လက်ဆွေးနွေးသည်။

၃။ အစည်းအဝေးကို ၁၃:၁၀ နာရီတွင် ရပ်နားပြီး (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁-၁၂-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာသည်။